ပုံစံ(၁၁)

## ခုံသမာဓိကောင်စီ
## ခုံအဖွဲ့၏ဆုံးဖြတ်ချက်
{ နည်းဥပဒေ ၂၃(စ) }
## ခုံအဖွဲ့
၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၄/၂၀၁၈)

Mr. Xu Huajie (ပိုင်ရှင်)
ဦးဇေယျာငြိမ်း (HR Manager)(အလုပ်ရှင်၏
အထူး ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊
Seduno (Myanmar) Fashion Co.,Ltd
(အထည်ချုပ်စက်ရုံ)၊ အမှတ် (၂၀)၊
အနော်ရထာလမ်းနှင့် နှင်းဆီလမ်းထောင့်၊
အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားသူ

နှင့်

ဦးဇော်ဇော်ထွေး (အလုပ်သမား)
ထန်းပင် (၁)လမ်း၊ အပြင်ပဒံရပ်ကွက်၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ အနော်ရထာလမ်းနှင့် နှင်းဆီလမ်းထောင့်၊ အမှတ် (၂၀)ရှိ Seduno (Myanmar) Fashionn Co.,Ltd (အထည်ချုပ်စက်ရုံ) အလုပ်ရှင် Mr. Xu Huajie၊ ဦးဇေယျာငြိမ်း (HR Manager) (အလုပ်ရှင်၏အထူးကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ) နှင့် အလုပ်သမား ဦးဇော်ဇော်ထွေးတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ယင်းအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၁၅၁/၂၀၁၇) အရ ကြားနာစစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးဇော်ဇော်ထွေးမှ တောင်းဆိုခြင်းခံရသူ Seduno (Myanmar) Fashionn Co.,Ltd (အထည်ချုပ်စက်ရုံ) အလုပ်ရှင် Mr. Xu Huajie ထံတွင် အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည်လုပ်ကိုင်လိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ယင်းတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက် ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ Mr. Xu Huajie (အလုပ်ရှင်)မှ အောက်ပါ ကောက်ချက်အမှတ်(၁)ပေါ်တွင်ဆုံးဖြတ်သောဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထား ခြင်းဖြစ်သည်-

ကောက်ချက်အမှတ်(၁)။ အလုပ်သမား ဦးဇော်ဇော်ထွေးအား အလုပ်ပြန်လည်ခန့်သင့်/မသင့်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ဦးဇော်ဇော်ထွေးအား နောက်နောင် အလားတူပြဿနာများမဖြစ်ပွား စေရန် စက်ရုံရှိ အလုပ်သမားကိုယ်စားလှယ်များရှေ့မှောက်တွင် ဂတိ ခံဝန်လက်မှတ်ရေးထိုးစေ၍ ဆုံးဖြတ်ချက်ချသည့်နေ့မှ (၇)ရက်အတွင်း မူလနေရာ၊ မူလရာထူး၊ မူလလစာ၊ မူလလုပ်သက်မပျက် အလုပ် ပြန်လည်ခန့်ထားရန်နှင့် အလုပ်ထုတ်ပယ်သည့်နေ့မှ အလုပ်ပြန်လည် ခန့်ထားသည့်နေ့အထိ ကြားကာလနစ်နာကြေးအား (OT မပါ ) နှုန်း ဖြင့် တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၅၁/၂၀၁၇) ဆုံးဖြတ်ချက် အပေါ်တွင်ကျေနပ်မှုမရှိသဖြင့် Seduno (Myanmar) Fashionn Co.,Ltd (အထည်ချုပ်စက်ရုံ) အလုပ်ရှင် Mr. Xu Huajie မှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၈) ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၄/၂၀၁၈) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာန ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးသန်းဇော်၊ အလုပ်သမား ကိုယ်စားလှယ် ဦးရဲကျော်သူတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှုတ်ဖြင့်ထွက်ဆိုချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စိစစ်ဆုံးဖြတ် လိုက်သည်-

ကောက်ချက်အမှတ်(၁)။ အလုပ်သမား ဦးဇော်ဇော်ထွေးအား အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

<u>တွေ့ရှိချက်</u>

၆။ အလုပ်ရှင်၏ကိုယ်စားလှယ် မန်နေဂျာ ဦးဖေယျာငြိမ်းက ထွက်ဆိုရာတွင် -

(က) အလုပ်သမား ဦးဇော်ဇော်ထွေးသည် ၂၁-၁၂-၂၀၁၅ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ပြီး၊ အခြေခံလစာ ၁၃၃၀၀၀ကျပ်/- ပေးပါကြောင်း၊ အလုပ်သမား ဦးဇော်ဇော်ထွေးသည် ၁-၉-၂၀၁၇ ရက်နေ့၊ ၁၄-၉-၂၀၁၇ ရက်နေ့၊ ၁၅-၁-၂၀၁၇ ရက်နေ့၊ ၂၀-၉-၂၀၁၇ ရက်နေ့နှင့် ၂၂-၉-၂၀၁၇ ရက်နေ့တို့တွင် ခွင့်မတိုင်ဘဲ အလုပ်ပျက်ကွက်ခဲ့သဖြင့် ၂၅-၉-၂၀၁၇ ရက်နေ့တွင် ခေါ်ယူသတိပေးရာ ၎င်းမှ မချေမငံပြန်လည်ပြောဆိုခဲ့ကြောင်း၊ ၂၅-၉-၂၀၁၇ ရက်နေ့မတိုင်မီကလည်း စက်ရုံရှိသူများ ဆေးလိပ်သောက်နိုင်ရန် ထားရှိပေးသောနေရာတွင် ဦးဇော်ဇော်ထွေး ဖုန်းအသုံးပြုနေသဖြင့် နှုတ်ဖြင့်သတိပေးပြောကြားရာတွင်လည်း ၎င်းမှ မချေမငံပြန်လည်ပြောဆိုခဲ့ကြောင်း၊ လုပ်ငန်းခွင်အတွင်း၌ ဖုန်းသုံးစွဲခြင်းမပြုရန် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်နောက်ဆက်တွဲ (က)၊ အပိုဒ် ၂၃ တွင်ပါရှိပါကြောင်း၊ အလုပ်သမားများ သိရှိလိုက်နာရန် ဆိုင်းဘုတ်များလည်း ချိတ်ဆွဲထားပါကြောင်း၊ အလုပ်သမား ဦးဇော်ဇော်ထွေးသည် နေ့လယ်ထမင်းစားချိန်နားပြီးပါက လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သည်မှာလည်း အကြိမ်ကြိမ် ဖြစ်ပါကြောင်း၊

(ခ) ၂၇-၉-၂၀၁၇ ရက်နေ့တွင် မီးပူတိုက်သည့်ခုံတွင် ဖုန်းအသုံးပြုနေသည်ကို ထပ်မံတွေ့ရှိရသဖြင့် ရုံးခန်းသို့ခေါ်၍ လက်မှတ်ရေးထိုးခိုင်းရာ ၎င်းမှ ငြင်းဆန်ခဲ့ကြောင်း၊ အလုပ်သမားကိုယ်စားလှယ်များမှ ၎င်း၏လုပ်ရပ်မှာ မှားယွင်းနေသဖြင့် ဝန်ခံကတိလက်မှတ်ရေးထိုးပေးရန် ပြောကြားသည့်အခါမှသာ ဦးဇော်ဇော်ထွေးမှ ဝန်ခံကတိလက်မှတ်ရေးထိုးပေးခဲ့ကြောင်း၊ ၁၆-၁၀-၂၀၁၇ ရက်နေ့တွင် ၎င်းနှင့်ဇနီးဖြစ်သူ (၂)ဦးစလုံးအား Uniform မဝတ်သဖြင့် ခေါ်ယူသတိပေးလက်မှတ်ရေးထိုးခိုင်းရာ ၎င်း၏ဇနီးဖြစ်သူမှ လက်မှတ်ရေးထိုးသော်လည်း ၎င်းမှ ငြင်းဆန်ခဲ့ကြောင်း၊ နောက်မှသာ ဇနီးဖြစ်သူမှ ၎င်းအားပြဿနာရှာမည်စိုး၍ ကိုယ်စားလက်မှတ်ရေးထိုးပေးခဲ့ကြောင်း၊ ထိုသို့ ခေါ်ယူသတိပေးထားသော်လည်း ဦးဇော်ဇော်ထွေးသည် ၂၁-၁၁-၂၀၁၇ ရက်နေ့၌ Uniform မဝတ်သဖြင့် ထပ်မံ၍သတိပေးလက်မှတ်ရေးထိုးခိုင်းရာ HR

မန်နေဂျာ၊ လက်ထောက်မန်နေဂျာ၊ လက်သေးကဲ်အတွေ့သွေးမင့်နေဂျာတို့ ရှေ့မှောက်တွင် ကလန်ကဆန်ပြုမူပြီး မရေမင်ပြောဆို၍ ရုံးခန်းအတွင်းမှ ထွက်သွားခဲ့ကြောင်း၊

(ဂ) ထိုသို့သော အချက်များကြောင့် အလုပ်သမား ဦးဖော်ဖော်ထွေးအား အလုပ်ခန့်ထားမှုဆိုင်ရာနှစ်ဖက်သဘောတူညီချက်စာချုပ်ပါ နောက်ဆက်တွဲ (က) အပိုဒ် ၁၂ အရ တာဝန်ရှိသူများနှင့် ဝန်ထမ်းအချင်းချင်းအား မရိုမသေမလေးမစားပြုခြင်း၊ မယဉ်မပြုခြင်း အချက်များကြောင့်လည်းကောင်း၊ နောက်ဆက်တွဲ (ခ)၊ အပိုဒ် ၁၃ အရ ဌာနအကြီးအကဲ တာဝန်ရှိသူများ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ခွင့်မဲ့တစ်ဆက်တည်း (၃)ရက်ပျက်ကွက်ခြင်း သို့မဟုတ် တစ်လအတွင်း အလီလီပျက်ကွက်ခြင်းကြောင့်လည်းကောင်း ၂၁-၁၁-၂၀၁၇ ရက်နေ့တွင် အလုပ်မှထုတ်ပယ်ခဲ့ပါကြောင်း၊ အလုပ်ပြန်လည်ခန့်ထားရန်မဖြစ်နိုင်ပါကြောင်း၊ လုပ်ငန်းခွင်စည်းကမ်းအကြိမ်ကြိမ်ချိုးဖောက်သော ဝန်ထမ်းကို အလုပ်ပြန်လည်ခန့်ထားပါက အခြားသောဝန်ထမ်းများအား စည်းကမ်းထိန်းသိမ်းရာ၌ များစွာအခက်အခဲရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ပါ အလုပ်ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးပေးရန် ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားရခြင်းဖြစ်ပါကြောင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်လေးသက်သည် မိမိတို့စက်ရုံ Iron Section ၌ပင် လုပ်ကိုင်လျက်ရှိပြီး လုပ်ငန်းခွင်စည်းကမ်းလိုက်နာသူ အလုပ်သမားတစ်ဦးဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဦးဖော်ဖော်ထွေး၏ ဇနီးဖြစ်သူမှာ အလုပ်သမားကောင်းတစ်ဦးဖြစ်၍လည်းကောင်း၊ ဦးဖော်ဖော်ထွေးအနေဖြင့်လည်း မိမိတို့စက်ရုံတွင် (၂)ခန့် အလုပ်လုပ်ကိုင်ခဲ့သည်ကို ထောက်ရှု၍လည်းကောင်း ၎င်းသည် အပြစ်ရှိသော ဝန်ထမ်းတစ်ဦးဖြစ်သော်လည်း ၎င်း၏မိသားစုအရေး၊ အလုပ်အကိုင်ဆက်လက်ရှာဖွေနိုင်ရေးကို လူမှုရေးအရ ငဲ့ညှာထောက်ထား၍ အလုပ်ရပ်စဲမှုနစ်နာကြေးနှင့်တစ်ကြေး၊ ကရုဏာကြေးအပါအဝင် စုစုပေါင်း ၄၅၀,၀၀၀/- (ကျပ်လေးသိန်းငါးသောင်း) တိတိအား ပေးမည်ဖြစ်ပါကြောင်း တင်ပြထွက်ဆိုသည်ကို တွေ့ရှိရသည်။

၇။ အလုပ်သမား ဦးဖော်ဖော်ထွေးက ထွက်ဆိုရာတွင်-

(က) အလုပ်ချိန်တွင် ဖုန်းအသုံးပြုမိပါကြောင်း၊ Order ပြတ်ချိန်ဖြစ်၍ ဖုန်းကိုအသုံးပြုမိခြင်းဖြစ်ပါကြောင်း၊ မိသားစုအခက်အခဲကိစ္စများကြောင့် ခွင့်မဲ့ပျက်ကွက်မှုများရခြင်းဖြစ်ပါကြောင်း၊ Uniform (၆) စုံထုတ်ပေးထားသည်မှာလည်း မှန်ကန်ပါကြောင်း၊ ပန်ထမ်းကတ်မဆွဲရခြင်းမှာလည်း ကြိုးပြတ်သွား၍ဖြစ်ပါကြောင်း၊ အလုပ်ဖူဝ်မှပေး

အပ်သည့် နစ်နာကြေး၊ နို့တစ်ကြေးနှင့် လုပ်သက်ဆုကြေးများကို လက်ခံမည်ဖြစ်ပါကြောင်းနှင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ပါကြောင်း တင်ပြထွက်ဆိုသည်ကို တွေ့ရှိရသည်။

<u>သုံးသပ်ချက်</u>

၈။ အလုပ်ရှင်မှ အလုပ်သမား ဦးဇော်ဇော်ထွေးအား အလုပ်ပြန်လည်ခန့်ထားနိုင်သော်လည်း ၎င်း၏ဇနီးဖြစ်သူမှာ ဤစက်ရုံတွင် ဝန်ထမ်းဖြစ်နေခြင်းကြောင့် လူမှုရေးအရ ငဲ့ညှာထောက်ထားပြီး ၎င်း၏ အလုပ်အကိုင်အခွင့်အလမ်း ဆက်လက်ရှာဖွေနိုင်ရေးအတွက်လည်းကောင်း၊ မိသားစုစားဝတ်နေရေးအတွက်လည်းကောင်း အဆင်ပြေစေနိုင်ရန်အလို့ငှာ ဥပဒေအရရသင့်သော နို့တစ်ကြေး နစ်နာကြေးနှင့် လုပ်သက်ဆုကြေးအား ပေးအပ်သွားမည်ဖြစ်ပါကြောင်း တင်ပြချက်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သကဲ့သို့ အလုပ်သမားမှလည်း အလုပ်ရှင်မှပေးသော နို့တစ်ကြေး၊ နစ်နာကြေးနှင့် လုပ်သက်ဆုကြေးများကို လက်ခံမည်ဖြစ်ပါကြောင်း တင်ပြချက်များအရ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် အဆင်ပြေစေရန်အလို့ငှာ မိမိတို့ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်တစ်ရပ်အား စဉ်းစားဆုံးဖြတ်ပေးရန်သင့်လျော်ကြောင်း သုံးသပ်ရရှိသည်။

၉။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၂၁ (က) ပါ တာဝန်ဝတ္တရားများအရ လူမှုရေးတရားမျှတမှု (Social Justice) နှင့် သာတူညီမျှဖြစ်ရေးသဘောတရားများအပေါ်အခြေခံကာ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) အရ အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည် -

ဆုံးဖြတ်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၁၂-၁-၂၀၁၈ ရက်စွဲပါ အငြင်းပွားမှုအမှတ် (၁၅၁/၂၀၁၇)အပေါ် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်အားပယ်ဖျက်၍ အလုပ်ရှင်မှ အလုပ်သမား ဦးဇော်ဇော်ထွေးအား နို့တစ်ကြေး၊ အလုပ်ရပ်စဲမှုနစ်နာကြေးနှင့် လုပ်သက်ဆုကြေး စုစုပေါင်း ၄၅၀,၀၀၀/- (ကျပ်လေးသိန်းငါးသောင်း) တိတိကိုပေးစေရန် ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၀။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးသန့်မောင် | ဒေါက်တာသန်းဝင်း | ဦးရဲကျော်လှ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |